ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ရီယာဒ်မြို့

# ကြိုတင်ဆန္ဒမဲပေးရန်အတွက် ပုံစံ(၁၅)ပေးပို့ထားသောမြန်မာနိုင်ငံသားသို့အသိပေး အကြောင်းကြားခြင်း

၁။ ကြိုတင်ဆန္ဒမဲပေးရန်အတွက် ဤသံရုံးသို့ပုံစံ(၁၅)ဖြည့်စွက်ပေးပို့ထားသော မြန်မာနိုင်ငံသားများအနေဖြင့် ဤသံရုံးတွင် ကြိုတင်ဆန္ဒမဲပေးရမည်ဖြစ်ပါသည်။

၂။ ရီယာဒ်မြို့၊ မြန်မာသံရုံးတွင် မဲရုံဖွင့်လှစ်မည့်ရက်ကို ၁၇-၁၀-၂၀၁၅ ရက်အစား ၁၉-၁၀-၂၀၁၅ (တနင်္လာနေ့) သို့ပြောင်းရွှေ့ထားပါသည်။ မဲပေးရမည့်အချိန်မှာ နံနက် (၁၀:၀၀)နာရီမှ ညနေ (၅:၀၀)နာရီအထိ ဖြစ်ပါသည်။

၃။ ရီယာဒ်မြို့၊ မြန်မာသံရုံးတွင် ကြိုတင်ဆန္ဒမဲပေးမည့် မြန်မာနိုင်ငံသားများအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံဗီဇာရယူရေးကိစ္စ၊ လေယာဉ်လက်မှတ်အသွား/အပြန်၊ တည်းခိုနေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆော်ဒီအာရေဗျနိုင်ငံမှအပြန်ခရီးအတွက် Exit Visa ရယူရေး စသည့် အုပ်ချုပ်မှုကိစ္စအဝဝကို ကြိုတင်ဆန္ဒမဲပေးရန်လာရောက်မည့် မြန်မာနိုင်ငံသားများကိုယ်တိုင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ဆော်ဒီအာရေဗျနိုင်ငံ၏ ဓလေ့ထုံးတမ်းဥပဒေအရ အမျိုးသမီးများအား အုပ်ထိန်းသူမပါဘဲသွားလာခွင့်မပြုပါကြောင်းနှင့် အမျိုးသမီးများအနေဖြင့် ခြုံလွှာအမဲ (Abaya (Arabic name)/Veil) ဝတ်ဆင်၍ခရီးသွားလာရမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၄။ လာရောက်ကြိုတင်မဲပေးမည့် မြန်မာနိုင်ငံသားများအနေဖြင့် ၎င်းတို့ ရီယာဒ်မြို့သို့ ရောက်ရှိမည့် နေ့ရက်၊ အချိန်၊ လေကြောင်းပျံသန်းအမှတ်၊ ပြန်လည်ထွက်ခွာမည့်နေ့ရက်၊အချိန်နှင့်လေကြောင်းပျံသန်းအမှတ်၊ ရီယာဒ်မြို့၌တည်းခိုနေထိုင်မည့်ဟိုတယ်၊ လိပ်စာနှင့်တယ်လီဖုန်းအမှတ်တို့ကို အောက်တွင်ဖော်ပြပါအီးမေးလ် (သို့မဟုတ်)ဖက်စ် သို့အကြောင်းကြားပေးပါရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် လာရောက်မဲပေးနိုင်ခြင်းမရှိပါက မဲပေးရန်အဆင်မပြေကြောင်းကို ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၅။ ရီယာဒ်မြို့၊ မြန်မာသံရုံး၏လိပ်စာနှင့်ဖုံးအမှတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

Embassy of the Republic of the Union of Myanmar
Villa No.5 Al-Kadi Street
King Fahd Area, Riyadh
(Off Prince Ahmed Bin Abdulaziz Road)
Tel: 229 3523, 2293525
Fax; 2293306
Email: meriyadh@gmail.com

၆။ အကယ်၍ မရှင်းလင်းသည်များရှိပါက အောက်ဖော်ပြပါပုဂ္ဂိုလ်ထံ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်-

ဦးသိန်းဝင်း
ဒုတိယအတွင်းဝန်
မြန်မာသံရုံး၊ ရီယာဒ်မြို့
လက်ကိုင်ဖုန်း- ၀၅၄ ၇၃၃ ၈၆၉၅
Email: meriyadh@gmail.com

**မြန်မာသံရုံး၊ရီယာဒ်မြို့**

ရက်စွဲ၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၈ ရက်